# ကြက်ငှက်တုပ်ကွေးရောဂါ - Influenza A(H7N9) လူသို့ ကူးစက်ပြန့်ပွားမှုမရှိရန် ကာကွယ်ရေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိသော တရုတ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင်ဖြစ်ပွားလျက်ရှိပါသည်။ ဆောင်းခိုရေပျော်ငှက်များမှတစ်ဆင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကြက်၊ ဘဲ၊ ငှက်များ သို့ ကူးစက်ပျံ့နှံ့ရုံသာမက ခို၊ ငုံး၊ ကျီးကန်း၊ စာကလေး၊ ကြက်တူရွေးစသည့် ငှက်များ၊ ဝက်၊ ကြောင် စသည့်တိရစ္ဆာန်များသို့ပါ ရောဂါကူးစက်ပြန့်ပွား သေဆုံးလျက်ရှိပါသည်။

၂။ ထိုမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုကြောင့် နိုင်ငံအချို့တွင် လူများရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ (၂၀၁၃) ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ (၂၄-၅-၂၀၁၇)ရက်နေ့အထိ ကြက်ငှက်တုပ်ကွေးရောဂါ - Influenza A(H7N9) ဓာတ်ခွဲခန်းအတည် ပြုလူနာစုစုပေါင်း (၁,၅၂၅)ဦးရှိပြီး ၎င်းတို့အနက် (၅၇၉) ဦး သေဆုံးခဲ့ရာ သေဆုံးမှုရာခိုင်နှုန်း (၄၀%)နီးပါး ရှိပါသည်။ လူသို့ရောဂါကူးစက်ဖြစ်ပွားရခြင်းမှာ ရောဂါဖြစ်ပွားနေသော ကြက်၊ ဘဲ၊ ငှက်များမှတစ်ဆင့် ၎င်း ကြက်၊ ဘဲ၊ ငှက်များ၏ အသား၊ ဥ၊ မစင်၊ အညစ်အကြေးများနှင့် အခြားငှက်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရာမှ ၎င်းရောဂါကူးစက်ခြင်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိဘပြည်သူများသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) ကြက်၊ ဘဲ၊ ငှက်၊ ဝက်များကို ရောနှောမွေးမြူခြင်းမှရှောင်ကျဉ်ရန်၊

(ခ) မိမိတို့အိမ်အတွင်း(သို့)အိမ်အောက်တွင် ကြက်၊ ဘဲ၊ ငှက်များ မွေးမြူခြင်းမှရှောင်ကျဉ်ရန်၊

(ဂ) အထူးသဖြင့် ကလေးများကို ကြက်၊ ဘဲ၊ ငှက်များနှင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုလုပ်စေရန်၊

(ဃ) ကြက်၊ ငှက်အရှင်များ၊ အသေများနှင့်အသားများ၊ သွေးများ၊ ဥများ၊ အရိုအရွဲများ၊ အမွေးများတွင် ရောဂါပိုးပါရှိနိုင်သဖြင့် ကိုင်တွယ်ပြီးလျှင်ပြီးချင်း လက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရန်၊

(င) ကြက်ငှက်တုပ်ကွေးရောဂါပိုးများသည် ရေထဲတွင် ကြာရှည်စွာရှင်သန်နိုင်သဖြင့် ကလေးများအား ရေကန်များ (အထူးသဖြင့်ဘဲမွေးကန်) များတွင် ရေကူးခြင်း၊ ဆော့ကစားခြင်း မပြုလုပ်စေရန်၊

(စ) ကြက်၊ ဘဲ၊ ငှက်တို့၏မစင်တွင် ရောဂါပိုးအမြောက်အမြားပါရှိသောကြောင့် ကြက်၊ ဘဲ၊ ငှက်များ၏ မစင်ကို လက်ဖြင့်ကိုင်တွယ်ခြင်းမှ ရှောင်ကျဉ်ရန်နှင့် စနစ်တကျ စွန့်ပစ်ရန်၊

(ဆ) ရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်များကို တွေ့ရှိပါက ရောဂါမကူးစက်စေရေး အတွက် လက်အိတ်စွပ်ခြင်း၊ နှာခေါင်းစည်းတပ်ခြင်း အစရှိသော နည်းများဖြင့် ကာကွယ်ပြီးမှသာ ကိုင်တွယ်ခြင်း၊ မြှုပ်နှံခြင်း၊ ဖျက်ဆီးခြင်းများဆောင်ရွက်ရန်၊

(ဇ) ရောဂါပိုးကူးစက်နိုင်သည့် နေရာများဖြစ်သော ကြက်ခြံများ၊ ဈေးများ၊ ကြက်ဘဲ ဒိုင်များ၊ ကြက်၊ ငှက်သတ်သောနေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုရန်၊

(ဈ) ကြက်ငှက်များနှင့် ကြက်၊ ငှက်ထွက်ပစ္စည်းများ ကိုင်တွယ်ချက်ပြုတ်ရာမှတစ်ဆင့် ရောဂါ ကူးစက်မှုမရှိစေရန် လက်အိတ်စွပ်၍ ကိုင်တွယ်ရန်၊ ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်နှင့် ကြက်ငှက်အသားများကို စနစ်တကျ ကျက်အောင်ချက်ပြုတ်စားသောက်ရန်၊

(ည) ကြက်ငှက်များ အစုလိုက်သုတ်သင်သူများနှင့် မည်သူမဆို ရောဂါဖြစ်နေသော ကြက် ခြံအတွင်း ဝင်ထွက်သွားလာပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များဝတ်ဆင်၍ ဝင်ရောက်ရန်၊

(ဋ) စားသောက်ဆိုင်များတွင် တောရိုင်းငှက်များကို သိလှောင်၊ ချက်ပြုတ်၊ ရောင်းချမှုမှ ရှောင်ကျဉ်ရန်၊

၄။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသော ကြက်ငှက်များနှင့်ထိတွေ့မှုရှိသော လူများတွင် ရောဂါကူးစက်မှုဖြစ်လာပါက -

(က) ပြင်းထန်စွာဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း

(ခ) ချောင်းဆိုးခြင်း၊ အသက်ရှူနှုန်းမြန်လာခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူရန် ခက်ခဲခြင်း စသည်တို့ဖြစ်ပွားပြီး သေဆုံးနိုင်သဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ၍ ဆေးကုသမှုခံယူရန် အရေးကြီးပါသည်။

၅။ လူအစုလိုက်တွင် တုပ်ကွေးလက္ခဏာများ ဖြစ်ပွားခြင်း၊ ပြင်းထန်အဆုတ်ရောင်ရောဂါ အစုလိုက် ဖြစ်ပွားခြင်းများရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့၍ ဆေးကုသ မှုများ ခံယူရန်လိုအပ်ကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


ကြက်သေ၊ ငှက်သေ တွေ့ရင်
အကြောင်းကြားပါ
ကြက်နှာ၊ ကြက်သေတွေရှိပါက
သက်ဆိုင်ရာကျန်းမာရေးဌာန၊
မွေး/ကုဦးစီးဌာနနှင့် ထွေ/အုပ် သို့
ချက်ချင်းအကြောင်းကြားရန်
လူတိုင်းမှာ တာဝန်ရှိသည်။
အကြောင်းကြားလျှင်
ရရှိမည့်အကျိုးကျေးဇူးများ
ကြက်သေရခြင်း
အကြောင်းရင်းသိနိုင်မည်။
ကြက်ငှက်တုပ်ကွေးဖြစ်ပါက
ကူးစက်မည့်အန္တရာယ်ကို
အချိန်မီထိန်းချုပ်နိုင်မည်။
ကြက်မွေးသူမိသားစုကိုလည်း
အချိန်မီကာကွယ်မှု
ပေးနိုင်မည်။
ကြက်ငှက်တုပ်ကွေးရောဂါ
ဖြစ်ပွားနေက
ဖုံးကွယ်၍မရပါ။
ကြက်ငှက်တုပ်ကွေးရောဂါသည် ကူးစက်မှုအလွန်
မြန်သည်။ လူသို့လည်းကူးစက်နိုင်ပြီး အန္တရာယ်
ကြီးမားသဖြင့် အထူးသတိထားရန်လိုပါသည်။
JAPAN
World Health Organization
unicef
(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ

# ဒါတွေလုပ်ထား ဘေးမများ

အသားစိမ်းနဲ့ အသီးအရွက်တွေကို
သတ်သတ်စီထားပါ။



ကြက်၊ ဘဲခုတ်ပြီးရင် အသုံးပြုထားတဲ့
ဓါး၊ စင်းတီတုံး၊ ဇလုံ စတာတွေကို
သန့်ရှင်းအောင်ဆေးပါ။



အသားနဲ့ ကြက်ဥ ဘဲဥတွေကို
သေချာကျက်အောင် ချက်စားပါ။
ကြက်နှာ၊ ဘဲနှာသားကို ရှောင်ပါ။








(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ





# မပေါ့နဲ့

ကြက်ငှက်တုပ်ကွေးရောဂါဟာ
အဆင့်ဆင့် ကူးစက်ပြန့်ပွားပြီး
မိမိတို့ရဲ့စီးပွားရေး၊ လူမှုရေးတို့ကို
ထိခိုက်ရုံသာမကဘဲ
အသက်ဆုံးတဲ့အထိ
ဒုက္ခပေးနိုင်တယ်။






- ကြက်၊ ဘဲ၊ ငုံး၊ ငန်းအပါအဝင် ငှက်များအားလုံးကို ကူးစက်ခံရနိုင်တယ်။



- အိမ်ကြက်မှာလည်းကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်နိုင်တယ်။




- ရောဂါလက္ခဏာမပြဘဲ လျင်မြန်စွာ ကူးစက်သေဆုံးနိုင်ပါတယ်။



- လူကိုလည်း ကူးစက်နိုင်ပြီး သေဆုံးတဲ့အထိ အန္တရာယ်ပေးနိုင်လို့ ကြိုတင်ကာကွယ်ကြပါစို့။

## အကြောင်းကြားပါ

ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာဟာ တခြားကြက်နာ၊ ဘဲနာကျတဲ့လက္ခဏာတွေနဲ့ မှားနိုင်လို့ ကြက်နာ၊ ကြက်သေတွေ့ရင် သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် မွေး/ကု ဦးစီးဌာနကို အကြောင်းကြားပေးကြပါ။

(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ

World Health Organization

JAPAN

unicef



ကြက် ငှက် ဘဲတွေ
ကိုင်ပြီးတိုင်း၊



ကြက် ငှက် ဘဲ
အသားစိမ်းတွေကို
ထိပြီး ကိုင်ပြီးတိုင်း၊



အစားမစားမီ
အချိန်တိုင်း၊



# လက်ကို ဆပ်ပြာနဲ့ သေသေချာချာ ဆေးပါ။

(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ




World Health Organization · JAPAN · unicef

(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ




(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ